အရှင်အရိယဓိတိက မထေရ် သာသနာပြုပုံ

Tāranatha (1575–1634 A.D.),
***History of Buddhism in India*, p. 45**
အရှင်ကေလာသသ၊ ဓမ္မာစရိယ၊ **B.A. (Philo.) M.A. (Buddhism)** မြန်မာပြန်သည်

အရှင်အရိယဥပဂုတ္တ မထေရ်သည် အရှင်အရိယဓိတိက မထေရ်အား ဓမ္မကို သင်ကြားခဲ့၏။ အရှင်အရိယဓိတိက မထေရ်၏ အကြောင်းကား ဤသို့တည်း။

ဥဇ္ဇယိနီ(မြို့)၌ အလွန် ချမ်းသာသော ပုဏ္ဏား တစ်ယောက် ရှိ၏။ ထိုပုဏ္ဏား၌ အလွန် ဉာဏ်ပညာ ထက်မြက်ပြီး ရိုးသား ဖြောင့်မတ်သည့် ဓိတိက အမည်ရှိ သားတစ်ယောက် ရှိ၏။ ဗေဒလေးပုံနှင့် အတတ်ပညာဆယ့်ရှစ်ရပ်ကို သင်ယူတတ်မြောက်ပြီးနောက် ဘခင်သည် နှစ်သက် ဝမ်းမြောက်ပြီး သားဖြစ်သူအား အခြေတကျဖြစ်လျက် အိမ်ထောင်ပြုသည်ကို မြင်လို၏။ သို့ရာတွင် သားဖြစ်သူက 'ကျွန်ုပ်ကား အိမ်ထောင်မပြုလိုပါ။ ဘခင်သည် ကျွန်ုပ်အား ရဟန်းပြုခွင့် ပေးပါ'ဟု ဆို၏။

ဘခင်က 'ရဟန်းပြုရန် ဆုံးဖြတ်ထားလျှင် ငါ မသေမီ မပြုပါနှင့်။ ဤပုဏ္ဏား ကျေးကျွန် ငါးရာတို့အား စောင့်ရှောက်ပါ'ဟု ဆို၏။ ဘခင်၏ စကားကို နားထောင်ပြီး ပုဏ္ဏားငါးရာတို့အား အကြမ်းမဖက်ခြင်းကို[၁] သင်ကြားပြီး ဗြဟ္မစာရီ ကျင့်လျက် အိမ်၌ နေ၏[၂]။ ကာလ အတန်ကြာပြီးနောက် သူ့ဘခင် ကွယ်လွန်သောအခါ ၎င်း၏ ပိုင်ဆိုင်မှု အားလုံးကို သမဏ ဗြာဟ္မဏတို့အား လှူဒါန်း၏။ ၎င်း၏ တပည့် ဗြာဟ္မဏ ငါးရာနှင့်အတူ လှည့်လည်သွားလာသည့် ပရိဗိုဇ် အသွင်ယူလျက် မြို့ကြီး ဆယ့်ခြောက်မြို့တို့သို့ သွား၏။ ယင်းတို့၌ ဓိတိကသည် အကျော်ကြားဆုံးသော တိတ္ထိကများနှင့် ဗြာဟ္မဏတို့အား စင်ကြယ်သော ကိုယ်ကျင့်သီလ အကြောင်းကို မေးမြန်း၏။ သို့တစေ နှစ်သက်ဖွယ် အဖြေကို မရခဲ့ချေ။ နောက်ဆုံးတွင် ဓိတိကသည် မထုရာမြို့သို့ သွားလျက် အရှင်အရိယဥပဂုတ္တ မထေရ်နှင့် တွေ့ဆုံပြီး ထိုမေးခွန်းများကိုပင် မေးလျှောက်၏။ ဓိတိကသည် အရှင်မြတ်ထံမှ မှန်ကန်သော အဖြေကို ရရှိ၏။ ဓိတိကသည် အရှင်ဥပဂုတ္တမထေရ်ထံမှ အလွန် ရိုသေကိုင်းရှိုင်းခြင်းဖြင့် ရဟန်းအဖြစ်ကို ရရှိခဲ့၏။

အရှင်အရိယဥပဂုတ္တ မထေရ်၏ ခုနစ်ပါး အပြားရှိသည့် တရားတော်များကြောင့် ပုဏ္ဏားငါးရာတို့သည် ခုနစ်ရက်အတွင်း၌ပင် ရဟန္တာအဖြစ်ကို ရရှိသွား၏။ အရှင်အရိယဓိတိကသည် အတ္တဝိမောက္ခ သမာဓိကို[၃] ဝင်စား၏။ အရှင်မြတ်သည် နေရာဒေသ အမျိုးမျိုး၌ နေထိုင်ကြသော ဗြာဟ္မဏများအတွင်း ဗုဒ္ဓ၏ ဓမ္မကို များစွာ ရိုသေလေးမြတ်မှုကို တိုးမြင့်စေ၏။ အရှင်အရိယဥပဂုတ္တ မထေရ်က ဓမ္မကို အပ်နှံပြီးနောက် အရှင်မြတ်သည် မြို့ကြီး ခြောက်မြို့၌ ပရိသတ်လေးပါးတို့အား တရားဒေသနာ ဟောကြားတော်မူ၏။ သို့ဖြင့် ဗုဒ္ဓသာသနာကို များစွာ ပြန့်ပွားစေလျက် အရှင်မြတ်သည် သတ္တဝါ အများ၏ ကောင်းကျိုးကို ဆောင်ရွက်၏။

အခါတစ်ပါးတွင် ထောဂရနိုင်ငံ၌[၄] မိနာ[၅] အမည်ရှိ ဘုရင် အုပ်ချုပ်၏။ ထိုနိုင်ငံ၌ လူတိုင်းသည် ကောင်းကင်နတ်ကို ကိုးကွယ်ကြ၏။ ထို့ပြင် လူအများသည် သုစရိုက်နှင့် ဒုစရိုက်တို့၏ ခြားနားချက်ကို မသိကြချေ။ ၎င်းတို့၏ ပွဲတော်များအတွင်း ၎င်းတို့သည် စပါး၊ အဝတ်အစား၊ ရတနာများနှင့် အမွှေးနံ့သာ ထင်းများ၏ အခိုးဖြင့် ကြီးစွာ ပူဇော်ကြ၏။ အရှင်အရိယဓိတိက မထေရ်သည် နောက်ပါ ရဟန္တာ ငါးရာနှင့်အတူ ကောင်းကင်သို့ ပျံတက်လျက် ၎င်းတို့ ပူဇော်သော နေရာ၌ ပေါ်လာလျက် ယဇ်ပလ္လင်၌ ထိုင်နေတော်မူ၏။ လူအများသည် အရှင်မြတ်အား ကောင်းကင်နတ်ဟု ထင်သွားပြီး အရှင်မြတ်၏ ခြေတော်ရင်း၌ ဦးညွှတ်လျက် အလွန်ရိုသေစွာ ပူဇော်ကြ၏။ သို့ရာတွင် အရှင်မြတ်သည် ဘုရင်မင်း အပါအဝင် လူတစ်ထောင်ခန့်အား ဓမ္မကို ဟောကြားတော်လျက် သစ္စာတရားကို နားလည်စေ၏။ လူပေါင်း များစွာတို့သည် သရဏဂုံနှင့် သီလလမ်းစဉ်ကို သိသွားကြ၏။

အရှင်မြတ်သည် ထိုနိုင်ငံ၌ ဝါတွင်းသုံးလ သီတင်းသုံးတော်မူ၏။ သို့ဖြင့် ရဟန်း အရေအတွက်မှာ များစွာ တိုးပွားခဲ့၏။ ရဟန္တာအဖြစ်ကို ရရှိသွားသူ အရေအတွက်သည်ပင် တစ်ထောင်ခန့် ရှိ၏။ ယင်းနောက် ဤနိုင်ငံနှင့် ကက်ရှမီးယား နှစ်နိုင်ငံအကြား လမ်းခရီးမှာ ရှင်းလင်းသွားသဖြင့် ကက်ရှမီးယား ရဟန်းတော်

များသည် ထိုအရပ်သို့ ရောက်လာလျက် ဗုဒ္ဓသာသနာတော်မှာ ကျယ်ပြန့်စွာ ထွန်းကား၏။

ဤမင်းနှင့် ဣမသျ (I-ma-sya) အမည်ရှိ ၎င်း၏သားတော် လက်ထက်အတွင်း ကျောင်းတိုက်ကြီး ငါးဆယ်ခန့်တွင် သံဃာတော်များ ပြည့်လျှံခဲ့၏။

အရှေ့ဘက်ရှိ ကာမရူပ (ဒေသ)၌လည်း ဘုရင်တစ်ပါးကဲ့သို့ ချမ်းသာကြွယ်ဝပြီး အခြွေအရံ ထောင်ပေါင်း များစွာရှိသည့် သိဒ္ဓအမည်ရှိ ပုဏ္ဏားတစ်ဦး ရှိ၏။ ဤပုဏ္ဏားသည် နေကို ပူဇော်ကိုးကွယ်၏။ တစ်ခါသော် ဤပုဏ္ဏား နေကို ပူဇော်နေစဉ် အရှင်အရိယဓိတိက မထေရ်သည် ၎င်း၏ တန်ခိုးဖြင့် မိမိကိုယ်ကို နေမှ ပေါ်ပေါက်လာသကဲ့သို့ ပြုလျက် ပုဏ္ဏား၏ ရှေ့၌ ကိုယ်ရောင်ကိုယ်ဝါ ထုတ်လွှတ်လျက် ထိုင်၏။ အရှင်မြတ်အား နေနတ်ဟု ယူဆလျက် သိဒ္ဓပုဏ္ဏားသည် အရှင်မြတ်အား ရှိခိုးဦးညွှတ်ပြီး ပူဇော်ပသ၏။ အရှင်အရိယဓိတိကသည် ပုဏ္ဏားအား တရားဒေသနာ ဟောကြားတော်မူ၏။ ပုဏ္ဏာသည် အလွန် လေးစားသွး သောအခါ အရှင်မြတ်သည် မိမိ၏ မူလအသွင်ပြပြီး ဓမ္မကို တစ်ဖန် ဟောကြားတော်မူ၏။ ပုဏ္ဏားသည် သစ္စာတရားကို သိမြင်သွားသဖြင့် များစွာ ကြည်ညို လေးစားခြင်းဖြင့် မဟာစေတိယ အမည်ရှိ ကျောင်းတိုက်တစ်ခု တည်ဆောက်၏။ ပုဏ္ဏားသည် အနီးပတ်ဝန်းကျင်ရှိ ရဟန်းသံဃာတော်များအား ရက်ရောစွာ အလှူဒါနပြု၏။ သို့ဖြင့် ဗုဒ္ဓဓမ္မသည် ကာမရူပမြို့[၆] နှင့် ဒေသတစ်ခွင်လုံး ပြန့်ပွားသွား၏။

ထိုအချိန်တွင် အနောက်ဖက်ရှိ မာလဝ (ဒေသ)၌ အဒပ္ပ (Adarpa) အမည်ရှိ သရဖူမဆောင်းသော ဘုရင်ကဲ့သို့ အုပ်ချုပ်သော ပုဏ္ဏာတစ်ယောက် ရှိ၏။ ထိုပုဏ္ဏားသည် နေ့စဉ် သိုးတစ်ထောင်ကို သတ်ဖြတ်ပြီး အသားအသွေးတို့ဖြင့် ယဇ်ပူဇော်ပြီး ယဇ်ပူဇော်ခြင်းအတွက် ယဇ်စင် တစ်ထောင်ကို ပြင်ဆင်ထား၏။ ၎င်း၏ ဗြဟ္မဏတပည့်များသည် ၎င်းတို့ စွမ်းနိုင်သမျှဖြင့် အဇမေဓယဇ်ကို ပူဇော်ရပြီး ဗြဟ္မဏ (ဇာတ်)မဟုတ်သူ အားလုံးမှာ ယဇ်ပူဇော်ရန် ပစ္စည်းများကို စုဆောင်းရ၏။ တစ်ခါသော် ပုဏ္ဏားသည် ဂေါမေဓယဇ်ကို ပြုလုပ်လိုသဖြင့် ယဇ်ပူဇော်မှုကိစ္စကို ဆောင်ရွက်ရန် ဘကုမိသားစုဝင် ဘကုရက္ခသ (Bhrku-rākṣasa)ကို ဖိတ်ကြား၏။

အဆိုပါ ယဇ်ပူဇော်မှုကို စတင်ဆောင်ရွက်သော အခါ အရှင်အရိယဓိတိက မထေရ်သည် ယဇ်စင်၌ ပေါ်လာ၏။ ယင်းတို့ အကောင်းဆုံး ကြိုးပမ်းသော်လည်း ယဇ်ပူဇော်သည့် မီးကို မညှိထွန်းနိုင်၊ နွားများကိုလည်း မသတ် ဖြတ်နိုင်ဘဲ ရှိ၏။ နွားများကို နာကျင်အောင်ပင် လုပ်နိုင်စွမ်း မရှိကြချေ။ ဗြဟ္မများသည် ဝေဒကျမ်းများနှင့် မန္တရများကို ရွတ်ဖတ်ရန် ကြိုးစားကြသော်လည်း အသံထွက်အောင် မစွမ်းနိုင်ကြချေ။

ဘကုရက္ခသက ‘ယဇ်ပူဇော်ခြင်း၏ အနှောင့် အယှက် အစစ်အမှန်မှာ ဤသမဏ၏ ဩဇာလွှမ်းမိုးမှုကြောင့် ဖြစ်၏’ဟု ဆို၏။ အရှင်မြတ်အား လူတိုင်း ခဲများ၊ တုတ်များ၊ သဲများဖြင့် ပစ်ပေါက်ကြသော်လည်း လူအများကား ယင်းတို့ (ပစ်ပေါက်သော အရာများ)မှာ ပန်းများ စန္ဒကူးမှုများ အဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့မြင်ကြရ၏။ ယင်းအခြေအနေသည် ၎င်းတို့အားလုံးအား အရှင်မြတ်ကို များစွာ ရိုသေကိုင်းညွှတ်မှုကို ဖြစ်ပေါ်စေ၏။ ယင်းတို့သည် အရှင်မြတ်၏ ခြေ၌ ရှိခိုးဦးညွှတ်ကြလျက် ခွင့်လွှတ်ရန် တောင်းပန်ကြ၏။

‘အို .. အရိယ (အို အရှင်)၊ အရှင်မြတ်သည် မည်သို့ မိန့်တော်မူလိုပါသနည်း’

အရှင်မြတ်က ဤသို့ မိန့်တော်မူ၏ ‘အို .. ပုဏ္ဏားတို့၊ နားထောင်ကြပါ။ သင်တို့သည် ဤအပြစ်ရှိပြီး မကောင်းသော ယဇ်ပူဇော်ခြင်းဖြင့် မည်သို့သော အကျိုးကို ရရှိပါမည်နည်း။ (ယင်းသို့ ပြုကြမည့်အစား) အလှူဒါနပြုပြီး ကိုယ်ကျင့်သီလကို စောင့်ကြလော့။ နွားများသည် ပုဏ္ဏားမိသားစုတို့၏ နတ်များ ဖြစ်ကြ၏။ လူသားတစ်ယောက်ကဲ့သို့ ပြုမူသူသည် နတ်များနှင့် မိဘများကို သတ်ဖြတ်ခြင်းမှာ သင့်တော်နိုင်ပါမည်လော။ နွားတို့၏ အသားမှာ အမြဲတမ်း မစင်ကြယ်ဘဲ ဗြဟ္မဏတို့သည် နွားတို့အား ထိပင်မထိကြ။ ယင်းသို့သော အသားကို နတ်တို့အား ပေးခြင်းမှာ နတ်တို့ကို စော်ကားသည်နှင့် မတူလော။ အို .. ပညာရှိတို့၊ ဤအပြစ်ရှိသော ယုံကြည်မှုကို စွန့်ကြလော့။ အသားစားသည့် ရည်ရွယ်ချက်ဖြင့် တီထွင်ထားသော ဤယဇ်ပူဇော်ခြင်းဖြင့် မည်သည့် အကျိုးကို ရမည်နည်း။ အောက်လမ်း (Black Art) နည်းဖြင့် မိမိ ကိုယ်ကို ကျွေးမွေးခြင်းသည် မန္တရများ၏ ဂုဏ်သိက္ခာကို လျော့နည်းစေပါ၏[၇]။

ထိုနည်းများဖြင့် ပုဏ္ဏားသည် ဓမ္မကို တဖြည်းဖြည်း လေ့ကျင့်အားထုတ်သောအခါ ၎င်းတို့သည် မိမိတို့၏ အကုသိုလ်အတွက် နောင်တ ရသွားကြ၏။

မိမိတို့၏ ကိုယ်ကျင့်တရားအတွက် ရှက်သွားကြပြီး ၎င်းတို့သည် ခေါင်းငုံ့လျက် နှိမ့်ချပြီး ထိုအကုသိုလ်အား မည်သို့ ကုသရမည်ကို မေးလျှောက်ကြ၏။ သို့ဖြင့် အရှင်မြတ် သင်ကြားသည့်အတိုင်း ပုဏ္ဏား အားလုံးမှာ သရဏဂုံနှင့် ငါးပါးသီလ လမ်းစဉ်သို့ ရောက်သွားကြ၏။ ထိုပုဏ္ဏားများသည် ဃောသီလ သူကြွယ်၏ အာရာမ (ကျောင်း)[၈] အပျက်အစီးများ၌ ရောမ ဘုရားကျောင်းကြီး တစ်ခု တည်ဆောက်လျက် ခုနစ်ပါး အပြားရှိသော နှစ်သက်ဖွယ် ကုသိုလ်တရားများကို အားထုတ်ကြ၏။

ဤနည်းဖြင့် ယင်းနိုင်ငံ၌ ဗုဒ္ဓဝါဒသည် များစွာ ပြန့်နှံ့သွားခဲ့၏။ ဤဖြစ်ရပ်သည် အသောကမင်း မွေးဖွား ပြီးမကြာမီ ဖြစ်ပျက်ခဲ့၏။ ယင်းနောက် အရှင်ဓိတိကမထေရ်သည် ငါးရာမျှသော ပုဏ္ဏားတို့အား ရတနာသုံးပါးကို ယုံကြည်စေ၏။ အရှင်မြတ်သည် ဗုဒ္ဓသာသနာတော်များ နှစ်ပေါင်းများစွာ စောင့်ရှောက်လျက် သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူ၏။

အရှင်ကာဏ (အရှင်ကာဠ) မထေရ်အား ဗုဒ္ဓသာသနာကို အပ်နှင်းပြီးနောက် အရှင်အရိယဓိတိက မထေရ်သည် မာလဝနိုင်ငံ ဥဇ္ဇယိနီမြို့၌ ပရိနိဗ္ဗာန် စံတော်မူ၏။

---

[၁] ပုဏ္ဏားငါးရာအား အကြမ်းမဖက်ရန် သင်ကြား၏။

[၂] ပထမဆုံး အနေဖြင့် ဤသည်မှာ နောက်ဆုံး၌ ဗောဓိသတ္တများ အဖြစ် ထွက်ပေါ်ခဲ့သော လောကီသား ဘဝကို ဖြစ်စေခြင်းဖြင့် ဗုဒ္ဓဝါဒအား စည်းလုံး သွားစေရန် ကြိုးစားမှုအဖြစ် ညွှန်ပြ၏။

[၃] မဟာဗျူပ္ပတ္တိသုတ် Calcutta, 1944. Pt. Hi. p. 288. ကို ရှုပါ။

[၄] Tukhāristān သို့မဟုတ် Tukhāra။ ၌ ဗုဒ္ဓဝါဒ ပြန့်ပွားပုံ အကြောင်းကို Litvinsky, *Kushan Studies in USSR* ၌ ရှုပါ။

[၅] ထိုအမည်မှာ မေနန္ဒရိ အမည်နှင့် အလွန် နီးစပ်၏။

[၆] သို့ရာတွင် ယွန်ချန် (ဟူယင်ဆန်)၏ မှတ်တမ်းအရ ကာမရူပမြို့သည် ဗုဒ္ဓဝါဒကို လုံးဝနီးပါး မသိ။ Watters ii. 186 ကို ရှုပါ။ 'ထိုမြို့သား များသည် ဒေဝများကို ကိုးကွယ်ကြလျက် ဗုဒ္ဓဝါဒကို မယုံကြည်ကြချေ။ သို့ဖြစ်၍ ထိုဒေသ၌ ဗုဒ္ဓဝါဒဆိုင်ရာ ကျောင်းတိုက်များ လုံးဝ မရှိဘဲ ယင်းမြို့၌ ရှိသရွေ့သော ဗုဒ္ဓဝါဒီများမှာ ၎င်းတို့၏ ယုံကြည်မှုကို လျှို့ဝှက်စွာ လုပ်ဆောင်ကြရ၏'။

[၇] အံ့သြဖွယ် တန်ခိုးစွမ်းအားရှိသည်ဟု ယူဆသော မန္တရများသည် လောက၏ တွေဝေမှုများ ဖြစ်၏။

[၈] ယင်းကို ဃောသိတာရာမ ဟုလည်း ခေါ်၏။ Watters i. 369-370. ကို ရှုပါ။